3 September, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၄)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှု (၁၉၈၈-၁၉၈၉ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မေအထိ)







၁၉၈၈-၁၉၈၉ ခုနှစ် ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ (မေအထိ) ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၃ ဘီလီယံနီးပါး ရှိခဲ့သည်။ ထိုအထဲတွင် နိုင်ငံနှင့် ဒေသပေါင်း ၅၁ ခုက ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံကြသည့် နိုင်ငံများထဲတွင် စင်ကာပူက အများဆုံးဖြစ်ပြီး၊ တရုတ်က ဒုတိယ၊ ထိုင်းက တတိယနေရာတွင် ရှိနေပါသည်။ ၃၃ နှစ်တာကာလအတွင်း အင်အားကြီးနိုင်ငံများနှင့် နိုင်ငံအုပ်စုများအကြား ရင်းနှီးမြှုပ်နှံမှုကိုကြည့်ပါက ဒေသတွင်း အာဆီယံနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုသည် အများဆုံးဖြစ်ပါသည်။ တရုတ်၏ရင်းနှီးမြှုပ်နှံမှုမှာ အာဆီယံနှင့်နှိုင်းယှဉ်ပါက ထက်ဝက်သာ ရှိပါသည်။ ထို့အပြင် ဂျပန်၏ရင်းနှီးမြှုပ်နှံမှုသည် ဗြိတိန်ထက် သုံးဆနီးပါး နည်းနေပါသည်။ ဥရောပသမဂ္ဂ (EU) ၏ ရင်းနှီးမြှုပ်နှံမှုသည်လည်း ဂျပန်နှင့် မတိမ်း မယိမ်းတွင် ရှိနေသည်။ အိန္ဒိယနှင့် အမေရိကန်ပြည်ထောင်စု၏ ရင်းနှီးမြှုပ်နှံမှုမှာ အနည်းဆုံးဖြစ်ပါသည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

3 September, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၄)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (၂၀၁၁-၂၀၁၂ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မေအထိ)




၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (မေအထိ) မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံကျော် ဝင်ရောက်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီး သမ္မတဦးသိန်းစိန်အစိုးရတက်လာပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် နှစ်စဉ် ပုံမှန်အားဖြင့် အမေရိကန်ဒေါ်လာ လေးဘီလီယံမှ ငါးဘီလီယံအကြား ရှိခဲ့သည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမတိုင်ခင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ရှစ်ဘီလံယံကျော်အထိ ဝင်ရောက်ခဲ့ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ကိုးဘီလီယံကျော်အထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လက်ထက်တွင်လည်း နှစ်စဉ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ လေးဘီလီယံနှင့် ငါးဘီလီယံအကြား ရှိခဲ့သည်။ ယခုဘဏ္ဍာနှစ်တွင်မူ မေအထိ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံသာ ဝင်ရောက်ထားသည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၄)
## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### နှစ်အလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (၂၀၁၁-၂၀၁၂ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မေအထိ)

အင်အားကြီးနိုင်ငံများနှင့် နိုင်ငံအုပ်စုများ၏ နှစ်အလိုက်ရင်းနှီးမြှုပ်နှံမှုများကို ဖော်ပြထားခြင်း ဖြစ်သည်။




၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (မေအထိ) အင်အားကြီးနိုင်ငံများနှင့် နိုင်ငံအုပ်စုများ၏ နှစ်အလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုကြည့်ပါက နိုင်ငံရေးအပြောင်းအလဲဖြစ်သည့်နှစ်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု သိသိသာသာတိုးခဲ့သည်ကို တွေ့ရသည်။ တရုတ်၏ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အများဆုံးဖြစ်ခဲ့ပြီး ထိုနောက်ပိုင်းကျဆင်းခဲ့ကာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရောက်မှသာ အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော်အထိ ပြန်လည်မြင့်တက်ခဲ့သည်။ ဒေသတွင်း အာဆီယံနိုင်ငံများ၏ ရင်းနှီး မြှုပ်နှံမှုသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာ နှစ်မှ စတင်ကာ တဖြည်းဖြည်း မြင့်တက်လာပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမြင့်ဆုံးအဖြစ် အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော်အထိ ရောက်ခဲ့သည်။ ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာနှစ် (မေအထိ) စာရင်းအရ ဗြိတိန်၏ ရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံအထိ ရုတ်တရက် ထိုးတက်ခဲ့သည်။ ထိုသို့တက်ခဲ့ခြင်းမှာ ဗြိတိန် ဗာဂျင်ကျွန်းစုတွင် မှတ်ပုံတင်ထားသော တရုတ်ကုမ္ပဏီများက အကောင်အထည်ဖော်မည့် မီးလင်းချိုင် စွမ်းအင်စီမံကိန်းကြောင့် ဖြစ်သည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၄)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှု အချိုးအစား (၁၉၈၈-၁၉၈၉ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မေအထိ)




၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (မေအထိ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံး ၁၀ နိုင်ငံကိုကြည့်ပါက စင်ကာပူနိုင်ငံသည် ၂၆ ဒသမ ၈ ရာခိုင်နှုန်းဖြင့် အများဆုံးရင်းနှီးမြှုပ်နှံထားသည်။ တရုတ်နိုင်ငံက ၂၃ ဒသမ ၇ ရာခိုင်နှုန်းဖြင့်ဒုတိယ၊ ထိုင်းနိုင်ငံက ၁၂ ဒသမ ၆ ရာခိုင်နှုန်းဖြင့် တတိယ စသဖြင့် ရပ်တည်နေသည်။ ထို့အတူ ဟောင်ကောင်က ၁၀ ဒသမ ၇ ရာခိုင်နှုန်း၊ ဗြိတိန်က ၈ ဒသမ ၂ ရာခိုင်နှုန်း၊ တောင်ကိုရီးယားက ၄ ဒသမ ၅ ရာခိုင်နှုန်း၊ ဂျပန်က ၂ ဒသမ ၇ ရာခိုင်နှုန်း၊ ဗီယက်နမ်က ၂ ဒသမ ၄ ရာခိုင်နှုန်း၊ မလေးရှားက ၂ဒသမ ၂ရာခိုင်နှုန်းနှင့် နယ်သာလန်က ၁ ဒသမ ၇ ရာခိုင်နှုန်းတို့ဖြင့် အသီးသီး ရင်းနှီးမြှုပ်နှံထားကြသည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

3 September, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၄)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှုအချိုးအစား (၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြီးအထိ)




၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကနေ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ပြီးအထိ) မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခဲ့သော ထိပ်တန်းနိုင်ငံ ၁၀ ခုကို ကြည့်ပါက စင်ကာပူ၏ရင်းနှီးမြှုပ်နှံမှုက ရင်းနှီးမြှုပ်နှံမှုအားလုံး၏ ထက်ဝက်နီးပါးရှိပြီး အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံကျော် ရှိသည်။ တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံဖြင့် ဒုတိယနေရာတွင် ရှိပါသည်။ စင်ကာပူသည် ရင်းနှီးမြှုပ်နှံမှု အများဆုံးဖြင့် ရပ်တည်နေသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံတွင် တိုက်ရိုက် ရင်းနှီးမြှုပ်နှံ၍မရသော အမေရိကန်၊ ဗြိတိန်၊ တရုတ်၊ ထိုင်ဝမ်နှင့် ဥရောပနိုင်ငံအချို့မှ ကုမ္ပဏီများက စင်ကာပူတွင် မှတ်ပုံတင်ထားပြီး ဝင်ရောက်ခြင်းများ ရှိသည့်အတွက် ရင်းနှီးမြှုပ်နှံမှုအားလုံးသည် စင်ကာပူမှလာသည်ဟု၍ မှတ်ယူခြင်းမပြုနိုင်ပေ။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၄)
## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏအား ကာလတူနှိုင်းယှဉ်ချက် (၂၀၁၉-၂၀၂၀ နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)




ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏကို ၂၀၁၉-၂၀၂၀ နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာ-မေ) ကာလတူအား နှိုင်းယှဉ်ပါက စွမ်းအင်ကဏ္ဍတခုတည်းတွင်သာ ရင်းနှီးမြှုပ်နှံမှု နှစ်ဆကျော်နီးပါး တိုးလာသည်ကို တွေ့ရသည်။ စွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုသည် ယခင်ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကျော်သာ ရှိခဲ့သော်လည်း ယခုဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံကျော်သို့ ရောက်ရှိခဲ့သည်။ ကုန်ထုတ်လုပ်ရေး၊ အိမ်ခြံမြေ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ အခြားဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံမှု သိသိသာသာ ကျဆင်းခဲ့သည်။ ယခင် ဘဏ္ဍာနှစ်တွင် ကုန်ထုတ်လုပ်ရေးသည် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၆၀၇ သန်းကျော်ရှိသော်လည်း ယခု ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅၄ သန်းသာရှိသည်။ ပို့ဆောင် ဆက်သွယ်ရေးကဏ္ဍတွင်လည်း အမေရိကန်ဒေါ်လာ ၂၅၄ သန်းကျော်မှ ၁၃၃ သန်းကျော်အထိ ထိုးဆင်းခဲ့သည်။ အိမ်ခြံမြေကဏ္ဍတွင်လည်း ယခင်ဘဏ္ဍာနှစ်နှင့် ကာလတူနှိုင်းယှဉ်ပါက အဆပေါင်း ၁၀၀ ကျော်ခန့် ထိုးဆင်းသွားသည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၄)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ကာလတူနှိုင်းယှဉ်ချက် (၂၀၁၉-၂၀၂၀ နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)




နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်နှင့် ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာနှစ်အား ကာလတူနှိုင်းယှဉ်ပါက ယခု ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှု ကျဆင်းလာသည်ကို တွေ့ရသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံကျော် ရရှိခဲ့သော်လည်း ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံသာ ရရှိခဲ့သည်။ အဘယ်ကြောင့် ဆိုသော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရလက်ထက်က စိစစ်ဆဲ စီမံကိန်းကြီးများကို အာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်ကောင်စီက အတည်ပြုခဲ့ခြင်းကြောင့်ဖြစ်သည်။ ပုံမှန်အားဖြင့် လစဉ်အတည်ပြုပေးသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ သန်း ၄၀၀ အောက်တွင်သာ ရှိခဲ့သော်လည်း စစ်အာဏာသိမ်းပြီးနောက် ၂၀၂၁ ခုနှစ် မတ်တွင် အမေရိကန်ဒေါ်လာ ၅၈၄ သန်းကျော်၊ မေတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံကျော် တန်ဖိုးရှိသော စီမံကိန်းများကို အတည်ပြုခဲ့သည်။ ယခင်က ခွင့်ပြုချက်တောင်းခံထားသော စီမံကိန်းများကို အတည်ပြုခဲ့ခြင်းဖြစ်သောကြောင့် လက်ရှိ နိုင်ငံရေး အခြေအနေအရ စီမံကိန်း အကောင်အထည်ဖော်ခြင်း ရှိ၊ မရှိနှင့် ရင်းနှီးမြှုပ်နှံမှု (Capital Flow) အမှန်တကယ်ဝင်ရောက်လာခြင်း ရှိ၊ မရှိ ဆိုသည်ကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၄)
## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### လအလိုက်ခွင့်ပြုထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ (၂၀၂၀ အောက်တိုဘာမှ ၂၀၂၁ မေအထိ)




စစ်ကောင်စီက အာဏာသိမ်းပြီးနောက် အတည်ပြုခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော်ရှိသော်လည်း စီမံကိန်းအရေအတွက်ကို ကြည့်မည်ဆိုပါက မတ်တွင် လေးခုနှင့် မေတွင် နှစ်ခုသာ ရှိခဲ့သည်။ အတည်ပြုခဲ့သော စီမံကိန်းအရေအတွက်အရ ဒေါ်လာသန်းချီတန်ဖိုးရှိသည့် စီမံကိန်းကြီးများကို အကောင်အထည်ဖော်ရန် ဆောင်ရွက်လာသည့် အနေအထား ဖြစ်ပါသည်။ မတ်တွင်အတည်ပြုခဲ့သော ရင်းနှီးမြှုပ်နှံမှု အမျိုးအစားများမှာ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ စွမ်းအင်နှင့် အခြား ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည်။ တရုတ်ကုမ္ပဏီများက အကောင်အထည်ဖော်မည့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံတန် စွမ်းအင်စီမံကိန်းနှင့် ထုတ်ကုန်လုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများပါဝင်သော စီမံကိန်းကို မေတွင် ခွင့်ပြုခဲ့သဖြင့် ရင်းနှီးမြှုပ်နှံမှု သိသိသာသာတိုးလာခြင်း ဖြစ်သည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

3 September, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၄)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### ကုမ္ပဏီများမှတ်ပုံတင်စာရင်း (၂၀၂၀ အောက်တိုဘာမှ ၂၀၂၁ မေ အထိ)




၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှ ၂၀၂၁ ခုနှစ် မေအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ကိုင်ရန် မှတ်ပုံတင်ပြုလုပ်သော ကုမ္ပဏီများမှတ်ပုံတင်မှု သိသိသာကျဆင်းသွားသည်ကို တွေ့ရသည်။ ဇန်နဝါရီတွင် ကုမ္ပဏီပေါင်း ၁,၃၇၃ ခု မှတ်ပုံတင်ခဲ့သော်လည်း ဖေဖော်ဝါရီတွင် ၁၈၈ ခုသာ ရှိပြီး မှတ်ပုံတင်နှုန်း ၇၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားသည်။ ၂၀၂၀ ပြည့်နှစ်တွင် မှတ်ပုံတင်သော ကုမ္ပဏီအရေအတွက်သည် လစဉ် ၁,၀၀၀ ကျော် ရှိရာမှ မတ်တွင် ၁၆၃ ခုနှင့် ဧပြီတွင် ၂၅၄ ခုသာ ရှိပါသည်။ သို့သော် ဧပြီနှင့်နှိုင်းယှဉ်ပါက မေတွင် မှတ်ပုံတင်စာရင်း နှစ်ဆကျော် ပြန်တက်လာပြီး ၆၈၆ ခု ရှိခဲ့သည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

3 September, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၄)
## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

**စစ်အာဏာသိမ်းပြီးနောက်ပိုင်း ထွက်ခွာ၊ ရပ်နားထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ**
(၂၀၂၁ ခုနှစ် ဩဂုတ် ၃၁ ရက်အထိ ရရှိသော စာရင်းဖြစ်သည်)

| ကုမ္ပဏီ/တဦးချင်း | ရင်းနှီးမြှုပ်နှံမှုတန်ဖိုး | အခြေအနေ | ရင်းနှီးမြှုပ်နှံသည့်နိုင်ငံ |
|---|---|---|---|
| **Amata Corporation** | အမေရိကန်ဒေါ်လာ ၁ ဘီလီယံ | ရပ်နားထား | ထိုင်း |
| **Électricité de France** | အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ | ရပ်နားထား | ပြင်သစ် |
| **Sembcorp** | အမေရိကန်ဒေါ်လာ သန်း ၂၃၀ | ရပ်နားထား | စင်ကာပူ |
| **Toyota** | အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၆သန်း | ရပ်နားထား | ဂျပန် |
| **Telenor** | အမေရိကန်ဒေါ်လာ သန်း ၆၀၀ တန်ကို ၁၀၅ သန်းဖြင့် ရောင်းချ | ရောင်းချ | နော်ဝေ |
| **Petronas** | - | ပိတ်သိမ်း | မလေးရှား |
| **Hong Kong & Shanghai Hotels** | အမေရိကန် ဒေါ်လာ သန်း ၁၃၀ | ရပ်နားထား | ဟောင်ကောင် |
| **Myanmar Metals** | ရှယ်ယာ ၅၁ရာခိုင်နှုန်းကို အမေရိကန်ဒေါ်လာ သန်း ၃၀ ဖြင့် ရောင်းချ | ရောင်းချ/ထွက်ခွာ | သြစတေးလျ |
| **Woodside** | - | ရပ်ဆိုင်း/ဖြုတ်သိမ်း | သြစတေးလျ |
| **AEON** | - | ရပ်ဆိုင်း | ဂျပန် |
| **Kirin Holdings Co., Ltd.** | - | မြန်မာ့စီးပွားရေးဦးပိုင် လီမိတက်နှင့်လက်တွဲဖြုတ် | ဂျပန် |
| **Lim Kaling** | - | မြန်မာ့စီးပွားရေးဦးပိုင် လီမိတက်နှင့်လက်တွဲဖြုတ် | စင်ကာပူ |
| **KOI Bubble Tea Shop** | - | ပိတ်သိမ်း | ထိုင်ဝမ် |
| **Auntie Anne** | - | ပိတ်သိမ်း | အမေရိကန် |
| **Bridgestone** | - | ရပ်ဆိုင်း | ဂျပန် |

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၄)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### တရုတ်၏ ရင်းနှီးမြှုပ်နှံမှု (၂၀၂၀ အောက်တိုဘာမှ ၂၀၂၁ မေအထိ)




၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ မေအထိ မြန်မာနိုင်ငံအတွင်း တရုတ်၏ ရင်းနှီးမြှုပ်နှံမှုကိုကြည့်ပါက အာဏာမသိမ်းခင်က အောက်တိုဘာတွင် အမေရိကန်ဒေါ်လာ ၁၀၇ သန်းကျော်၊ ရွေးကောက်ပွဲကာလ နိုဝင်ဘာတွင် အမေရိကန်ဒေါ်လာ ၁၉ သန်းကျော်၊ ဒီဇင်ဘာတွင် အမေရိကန်ဒေါ်လာ ခြောက်သန်းကျော်နှင့် ဇန်နဝါရီတွင် အမေရိကန်ဒေါ်လာ ငါးသန်းကျော် ရှိခဲ့သည်။ အာဏာသိမ်းပြီး ဖေဖော်ဝါရီတွင် တရုတ်ရင်းနှီးမြှုပ်နှံမှုအသစ် ထပ်တိုးခြင်းမရှိခဲ့သော်လည်း မတ်တွင် အမေရိကန်ဒေါ်လာ ၂၇ သန်းအထိ ပြန်လည်ခုန်တက်ခဲ့သည်။ ဇန်နဝါရီနှင့်နှိုင်းယှဉ်ပါက ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ငါးဆနီးပါး တက်သွားခြင်း ဖြစ်သည်။ မေတွင် ခွင့်ပြုချက်ပေးခဲ့သော တရုတ်ကုမ္ပဏီများက အကောင်အထည်ဖော်မည့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံတန် လျှပ်စစ် စီမံကိန်းသည် ဖြိတိန်ဗာဂျင်ကျွန်းစုတွင် မှတ်ပုံတင်ထားသဖြင့် တရုတ်ရင်းနှီးမြှုပ်နှံမှု စာရင်းထဲမဝင်ဘဲ ဗြိတိန် ရင်းနှီးမြှုပ်နှံမှုအဖြစ်သာ စာရင်းဝင်သွားခဲ့သည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၄)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### ခွင့်ပြုခဲ့သော တရုတ်ရင်းနှီးမြှုပ်နှံမှု အရေအတွက် (၂၀၂၀ အောက်တိုဘာမှ ၂၀၂၁ မေအထိ)




၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှ ၂၀၂၁ ခုနှစ် ဧပြီအထိ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသည့် တရုတ်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း အရေအတွက်ကို ကြည့်မည်ဆိုက ကွာခြားချက်ကြီးကြီးမားမား မတွေ့ရပေ။ ရင်းနှီးမြှုပ်နှံလာသော လုပ်ငန်း အရေအတွက် နှစ်ခုနှင့် သုံးခုအကြားတွင်သာ ရှိနေသည်။ ဖေဖော်ဝါရီနှင့် ဧပြီတွင်မူ ရင်းနှီးမြှုပ်နှံမှု လုံး၀ မဝင်ခဲ့ဘဲ မတ်တွင် တခု၊ မေတွင် နှစ်ခု ဝင်ရောက်ခဲ့သည်ကို တွေ့နိုင်ပါသည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

3 September, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၄)
## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### နှစ်အလိုက် တရုတ်၏ ရင်းနှီးမြှုပ်နှံမှုပမာဏ (၂၀၁၁-၂၀၁၂ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မေအထိ)




၁၉၈၈ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်ကြား ကာလများတွင် နိုင်ငံတကာ ပိတ်ဆို့အရေးယူမှုများကြောင့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးမားဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ ဖြစ်လာခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ဧရာဝတီမြစ်ဆုံဆည်စီမံကိန်း ရပ်နားပြီး နောက်ပိုင်း၌ တရုတ်၏ရင်းနှီးမြှုပ်နှံမှု သိသိသာသာ ကျဆင်းခဲ့သည်။ သို့သော် အစိုးရအပြောင်းအလဲမဖြစ်ခင် ၂၀၁၅-၂၀၁၆ ခုနှစ် အရောက်တွင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၃,၃၀၀ ကျော်အထိ ပြန်လည် ခုန်တက်သွားခဲ့သည်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှု ခုနစ်ဆနီးပါးခန့် ထိုးဆင်းသွားပြီး အမေရိကန်ဒေါ်လာ ၄၈၂ သန်းကျော်သာ ဝင်ရောက်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၁,၃၀၀ ကျော်အထိ ပြန်လည်တက်လာခဲ့သော်လည်း တရုတ်ရင်းနှီးမြှုပ်နှံမှုသည် နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ဝန်းကျင်သာ ရှိနေခဲ့သည်။ ၂၀၂၀-၂၀၂၁ ခုနှစ် (မေအထိ) အမေရိကန်ဒေါ်လာ ၁၆၉ သန်းကျော်သာ ရင်းနှီးမြှုပ်နှံထားပါသည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန